# နိုရိုး ဗိုင်းရပ်ပိုးနှင့် ပတ်သက်၍

မကြာခင်နှစ်အနည်းငယ်အတွင်း အေးသောရာသီတွင် အဓိကဖြစ်ပွားသောကူးစက်ရောဂါ နိုရိုး ဗိုင်းရပ်သည် မည်ကဲ့သို့သော ဗိုင်းရပ်ဖြစ်သည်ကို သိရှိနားလည်ပြီး မိမိအိမ်သားများအား ကူးစက်ခြင်းမရှိစေရန် ကြိုတင် ပြင်ဆင်နိုင်ရန် ဆွေးနွေးကြရအောင်



## နိုရိုးဗိုင်းရပ် ဆိုသည်မှာ

မေး ၁- မည်ကဲ့သို့သော ဗိုင်းရပ်ပိုးဖြစ်ပါသလဲ။

ဖြေ - နိုရိုးဗိုင်းရပ်သည် ဗိုင်းရပ်ပိုးများအထဲတွင် အတော်ပင် သေးငယ်ပြီး ဝိုင်းသော (ဝလုံးပုံ) ပုံသဏ္ဌာန်ရှိသည်။

မေး ၂- နိုရိုးဗိုင်းရပ် ကူးစက်ခံရသောအခါတွင် မည်သို့သော လက္ခဏာများဖြစ်ပါသလဲ။

ဖြေ - ပျို့အံခြင်း ဗိုက်အောင့်ခြင်း ဝမ်းပျက်ခြင်း ကိုယ်ပူခြင်း




မေး ၃- နိုရိုးဗိုင်းရပ်သည် မည်ကဲ့သို့သော နည်းလမ်းဖြင့် ကူးစက်နိုင်ပါသလဲ။

ဖြေ - ဤဗိုင်းရပ်ပိုးသည် အောက်ဖော်ပြပါ နည်းလမ်းများဖြင့် ပါးစပ်မှ ကူးစက်ခြင်းမှာ အများဆုံးဖြစ်ပါသည်။

| | | | |
|---|---|---|---|
| အံဖတ်၊မစင်ပေကျံနေသော (ကလေး၊လူကြီး) အနီးများကို ကိုင်တွယ်သောလက် | ကူးစက်နေသူ၏ ချောင်းဆိုးခြင်း | ရောဂါပိုး ကူးစက်ခြင်း ခံနေရသူက ပြင်ဆင်သော အစားအစာ | အခွံ ၂ ခု ပါသော ခရု |



## နိုရိုး ဗိုင်းရပ် မကူးစက်စေရန်

| | | | |
|---|---|---|---|
| အခြေခံအားဖြင့် လက်ဆေးခြင်း | အစားအစာကို လုံလောက်စွာ အပူပေးခြင်း | အစားအစာပြင်ဆင် ချက်ပြုတ် သောကရိယာများ အား သန့် ရှင်း ရေး နှင့်ပိုးသတ်ခြင်းကို စေ့စပ် သေချာစွာပြုလုပ်ခြင်း | ဗိုင်းရပ်ပိုး မှ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက် ကြပါစို့. ※ |






※ အံဖတ်၊ မစင်များကပ်ပေနေသော အနီး တို့ ကို ကိုင်တွယ်စဉ် ရောဂါပိုး မကူးစပ်နိုင်စေရန် ရော်ဘာ လက်အိတ်၊ မျက်နှာဖုံး၊ အေပရွန် တို့ ကိုဝတ်ဆင်ပါ။ အမှိုက် များကို သိမ်းဆည်းပြီးပါက ချက်ချင်းစွန့် ပစ်၍ လျှော်ဖွတ်ရန် အဝတ်များကို အက်စစ်ပျော့ အစွန်းချွတ်ဆေး စသည်တို့ ဖြင့် စိမ်၍ ပိုးသတ်ဆေးကြောပါ။

## အိမ်သားများထဲတွင် ကူးစက်ခံရသောသူ ရှိသောအခါ-

ကလေး၊ အသက်အရွယ်ကြီးရင့်သောသူ၊ မူကြိုကျောင်း၊ မူလတန်းကျောင်း၊ သက်ကြီးဂေဟာ အစရှိသော လူစုလူဝေးသော နေရာများတွင် ကူးစက်ခြင်းခံရမှုများပြားသည်။ အံဖတ်၊ မစင်များတွင် ဗိုင်းရပ်ပိုး မြောက်များစွာ ပါဝင်သောကြောင့် သေချာစွာ သန့် ရှင်း ရေး လုပ်၍ ပိုးသတ်ရန်လိုသည်။

### ပလပ်စတစ်ဗူးခွံ အသုံးပြု၍ ပိုးသတ်ဆေးလွယ်ကူစွာဖော်စပ်နည်း

○ ပြင်ဆင်ရန်ပစ္စည်း

- အက်ဆစ်အပျော့စား အစွန်းချွတ်ဆေး
- ၅၀၀ မီလီလီတာ ဝင် ပလပ်စတစ်ရေသန့် ဗူးခွံလွတ်(သေချာစွာဆေးထားရမည်)
- စက္ကူလက်သုတ်ပဝါ အစရှိသည်တို့.
- ပလပ်စတစ်အိတ် (အသုံးပြုလွယ်ကူစေရန် အမှိုက်ပုံး အစရှိသည်နှင့်တွဲထားရန်)
- ရော်ဘာလက်အိတ်
- မျက်နှာဖုံး၊ ကိုယ်ဖုံးရှည်အကာ (အေပရွန်) (ရောဂါကူးစပ်မှုများ ကာကွယ်နိုင်စေရန်)



## ○ ပိုးသတ်ဆေး ဖော်စပ်နည်း

(၁) ၀.၁% (1000ppm)ရှိသော ပိုးသတ်ဆေး ဖျော်စပ်ပုံ

| | |
|---|---|
| အဖုံးခွံ ၂ ခုစာ အက်ဆစ်အပျော့စား အစွန်းချွတ်ဆေးကို ပလပ်စတစ်ဗူးထဲသို့ ထည့်ပါ။ | ရေကို ၅၀၀မီလီလီတာ အထိထည့်၍ အဖုံးဖုံးပြီး သေချာစွာ လှုပ်ခါ၍ ရောစပ်ပါ။ |



(၂) အံဖတ် နှင့် မစင် ကို ဖယ်ရှားပြီး ပလပ်စတစ်အိတ်ထဲ သို့ ထည့်ပါ။

| | |
|---|---|
| ပိုးသတ်ဆေးရည် ဆွတ်ထားသော စက္ကူ လက်သုတ်ပုဝါဖြင့် အညစ်အကြေးများပေါ်သို့ ဖုံးအုပ်ပါ။ | သန့်ရှင်းရေးလုပ်ရန် နေရာပေါ်မှအုပ်ထားသည့် အတိုင်း ညင်သာစွာ ဖယ်ရှား၍ ပလပ်စတစ်အိတ်ထဲ ထည့်ပါ။ |



(၃) ပေကျံသောနေရာများကို ပိုးသတ်ဆေးဖြင့်ဆေးကြောပါ။

| | |
|---|---|
| ပိုးသတ်ဆေးရည် ဆွတ်ထားသော စက္ကူ လက်သုတ်ပုဝါဖြင့် အကြိမ်ကြိမ် သုတ်ပြီး နောက်ဆုံးတွင် ရေဖြင့် သုတ်ပါ။ | အသုံးပြုသော စက္ကူ လက်သုတ်ပုဝါ၊ လက်အိတ်များကို ပလပ်စတစ်အိတ်တွင် ထည့်ပြီး ပိုးသတ်ဆေးရည်လောင်း ၍ အလုံ ပိတ်ပြီး စွန့်ပြစ်ပါ။ |



**အိမ်တွင်းသုံး ပိုးသတ်ဆေးအတွက် အပျော့စား ပိုးသတ်ဆေးကို ဆောင်ထားပါ။**

* ပိုးသတ်ဆေးရည် အပျော့စား ၂ လီတာ (သို့) ၂.၅ လီတာ ဝင် ပလပ်စတစ်ပုံး နှင့် အဖုံးခွံ ၂ ခွက်စားအက်ဆစ် အစွန်းချွတ်ဆေး (၂၀၀-၂၅၀ ppm)

| နေရာ | အစိတ်အပိုင်း | ပိုးသတ်နည်း |
|---|---|---|
| အိမ်သာ၊ မျက်နှာသစ်ရာ၊ ရေချိုးခန်း | အိမ်သာခွက်၊ ရေဆွဲခလုတ်၊ တံခါး လက်ကိုင်၊ ရေပိုက်ခေါင်း၊ ရေစိမ်ကန် | ဆပ်ပြာနှင့် သန့်စင် ပြီးနောက် ပိုးသတ်ဆေးရည်ပျော့ ဖြင့်ပိုးသတ်ပါ။ |
| အညစ်အကြေး၊ အံဖတ်များ လွင့်စင် သောနေရာ၊ ပေကျံသော လက်ဖြင့် တွေ့ ထိထားသောနေရာ | ကြမ်းပြင်၊ နံရံ၊ တခါးလက်ကိုင်၊ တယ်လီဖုန်း အစရှိသည်။ | ပိုးသတ်ဆေးရည်ပျော့ ဆွတ်ထားသော စက္ကူ လက်သုတ်ပုဝါဖြင့် သုတ်ပါ။ |
| မစင်၊ အံဖတ်များ ပေကျံနေသော အရာ ( ညဝတ်အကျီ၊ အတွင်းခံ၊ အိပ်ယာ ခင်း အစရှိသည်။) | ညဝတ်အကျီ၊ အတွင်းခံ၊ အိပ်ယာခင်း၊ အဝတ်အနီး အစရှိသည်။ | ရေဖြင့်ဆေးကြောပြီးနောက် ပိုးသတ် ဆေးရည်ပျော့ဖြင့် မိနစ် ၃၀ ခန့်စိမ်ပြီး လျှော်ပါ။ ရေနွေးငွေ့မီးပူ၊ မွေ့ယာ အခြောက်ခံစက်များလည်း အကျိုးသက် ရောက်မှုရှိသည်။ |
| အညစ်အကြေးနှင့်ထိတွေ့သောအရာ | မျက်နှာဖုံး၊ စက္ကူလက်သုတ်ပုဝါ | ပလပ်စတစ်အိတ်တွင် ထည့်ပြီးပြစ်ပါ။ |